ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

# ၂၀၁၇ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ရန်အတွက် အသိပေးကြေညာခြင်း
## (၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဂန္ထဓူရ၊ ဝိပဿနာဓူရ၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပြည်တွင်းပြည်ပရှိ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာ သာသနာ တော်အား ပစ္စည်းလေးပါး တို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ် ဆက်ကပ်ချီးမြှင့်အပ်နှင်းလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍၊၂၀၁၇ခုနှစ်၊ သာသနာတော်ဆိုင်ရာ အောက်ဖော်ပြပါဘွဲ့တံဆိပ်တော်များ ဆက်ကပ် ချီးမြှင့်ရန် ရွေးချယ်ရေးအဆင့်ဆင့်သို့ ဆက်လက်တင်ပြနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုတွင် သီတင်းသုံး/ နေထိုင်လျက်ရှိသောရဟန်းသံဃာတော်များ၊သီလရှင်များနှင့်လူပုဂ္ဂိုလ်အမျိုးသား၊အမျိုးသမီးများအနေဖြင့်သတ်မှတ် ပုံစံများအား မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ e-mail: mewdcusa@yahoo.com သို့ ဆက်သွယ်ရယူနိုင် ပါကြောင်းနှင့် အဆိုပါပုံစံများအား ပြည့်စုံစွာဖြည့်စွက်၍ အမည်စာရင်း အခြေပြ ဇယား၊ ထေရုပတ္တိ/အတ္ထုပတ္တိ၊ ထောက်ခံချက်များနှင့်အတူ ရဟန်းတော်များ ဘွဲ့တံဆိပ်တော်အဆိုပြုလွှာတွင် ထိုင်လျက် သင်္ကန်းရုံ(၄ လက်မ x ၆ လက်မ) အရွယ် အဖြူအမည်း ဓါတ်ပုံ(၂)ပုံ နှင့် ကိုယ်တစ်ပိုင်း (၁ လက်မ x ၁.၂၅ လက်မ) အရွယ် ရောင်စုံဓါတ်ပုံ (၄)ပုံ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ ဘွဲ့တံဆိပ်အဆိုပြုလွှာတွင် (၄ လက်မ x ၆ လက်မ) အရွယ် အဖြူအမည်း ဓါတ်ပုံ(၂)ပုံ တို့ပါဝင်သည့် ဘွဲ့တံဆိပ်အဆိုပြုလွှာ (Hard Copy)(၂)စုံစီကို (Font Myanmar-3, Font Size-13, soft copy) (၁)စုံစီပူးတွဲ၍ မြန်မာသံရုံး၊ ဝါရှင်တန်သို့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ နောက်ဆုံးထားပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည် -

(၁) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
(၂) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
(၃) မဟာသဒ္ဓမ္မဇောတိကဓဇ
(၄) သဒ္ဓမ္မဇောတိကဓဇ
(၅) အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
(၆) မဟာကမ္မဋ္ဌာနာစရိယ
(၇) ကမ္မဋ္ဌာနာစရိယ
(၈) သာသနာနုဂ္ဂဟ

၃။ အထက်ပါဘွဲ့တံဆိပ်တော် အဆိုပြုလွှာများကိုပေးပို့ရာတွင် ဝါရှင်တန်မြို့၊ မြန်မာသံရုံးမှ တာဝန် ယူထားသော ကောင်စစ်နယ်မြေများ(**Capital**: Washington D.C, **States**: Alabama, Arkansas, Colorado, Delaware, Florida, Georgia, Idaho, Illinois, Indiana, Iowa, Kansas, Kentucky, Louisiana, Marine, Maryland, Massachusetts, Michigan, Minnesota, Mississippi, Missouri, Montana, Nebraska, New Hampshire, North Carolina, North Dakota, Ohio, Oklahoma, Pennsylvania, Rhode Island, South Carolina, South Dakota, Tennessee, Texas, Utah, Vermont, Virginia, West Virginia, Wisconsin, Wyoming, **Inhabited territories:** Puerto Rico, U.S. Virgin Islands)တွင် သီတင်းသုံး/နေထိုင်ကြသော ရဟန်း၊ ရှင်၊ လူများအနေဖြင့် ဝါရှင်တန်မြို့၊ မြန်မာသံရုံးသို့ ပေးပို့နိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့